# သူ့အလိုလိုပျောက်ကွယ်သွားတဲ့စစ်အာဏာရှင်စနစ်ဆိုတာမရှိပါ

နအဖတွင်းကလဖန်ထိုးတာတွေ ပေါ်လာပြန်ပါပြီ။ သဘာဝကျစွာပဲ အကဲဖြတ်တာတွေ၊ တွက်ချက်တာတွေ နေရာတကာမှာလုပ်ကြတာတွေ တွေ့နေရပါတယ်။ ဒီအပြောင်းအလဲတွေကနေပြီး ဘာအဓိပ္ပာယ်ဆောင်သလဲ၊ ဘာတွေဆက်ဖြစ်မလဲဆိုတာတွေ ကိုလည်း ပြောဆိုကြပါတယ်။ အတိုက်အခံတွေအနေနဲ့ကတော့ နအဖထဲမှာ ရာထူးအာဏာကြောင့်မို့ ကွဲလွဲမှုတွေဖြစ်လာမလား၊ ဂိုဏ်းဂဏတိုက်ပွဲတွေပြင်းထန်လာမလား၊ ဒါဟာ လူတိုင်းလိုပြောကြတွက်ကြတဲ့ ကိစ္စလို့ဆိုရင် မမှားပါဘူး။

အရေးကြီးတာက ကိုယ်ဖြစ်စေချင်တဲ့ဖက်ကနေ ပိုမတွက်မိဖို့ပါပဲ။

ဗမာပြည်ကစစ်အုပ်စုထိပ်သီးတွေဟာ အာဏာကိုကိုယ်အသက်ရှင်နေတုန်းမှာ လွှဲပြောင်းပေးတယ်ဆိုတာဟာ မရှိသလောက်အဖြစ်အပျက်ပါ။ ဗိုလ်နေဝင်းဟာ အသက်၉ဝနားနီးအထိအာဏာကို ဆုပ်ကိုင်ထားပြီးရှစ်လေးလုံးအရေးတော်ပုံကြီးကဆောင့်တိုက်လိုက်တော့မှသာ တရားဝင်အာဏာကိုစွန့်လွှတ်လိုက်တာဖြစ်ပါတယ်။ စွန့်လွှတ်တယ်ဆိုတာလည်း နောက်အာဏာရှင်တယောက်လက်ကို လွှဲခဲ့တာသာဖြစ်ပါတယ်။ ဒါတောင်မှသူဟာ နောက်ကွယ်ကနေ ကာလတခ ချုပ်ကိုင်နေခဲ့ပါသေးတယ်။ အခုလည်းပဲ နအဖရဲ့ဒီခြေလှမ်းဟာ တိုင်းပြည်အာဏာကိုလက်လွှတ်ဖို့၊ ဒါမှမဟုတ် လက်ဆုပ်ကလေးနည်းနည်းဖြေပေးဖို့ လုပ်တာလို့တွက်ရင် မှားတယ်လို့ထင်ပါတယ်။ ဗိုလ်သန်းရွှေဟာ အဖက်ဖက် သေချာအောင်၊ ပိုင်အောင်လုပ်ပြီးသေချာမှ ဒီလိုခြေလှမ်းမျိုးကိုလှမ်းတာဖြစ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။ ပြောရရင် သူတို့အနေနဲ့ သူတို့ကို အာဏာပလ္လင်ပေါ်ကပြုတ်ကျစေမှာမျိုးဆိုရင် ဘာမှမလုပ်ပါဘူး။ ဒီရွေးကောက်ပွဲကို မလုပ်လို့လည်းသူတို့မှာ ဘာမှမဖြစ်ပါဘူး။ ဒီတော့ ထိုင်နေအကောင်းသား ထသွားမှအကျိုးမနန်းသိတယ်ဆိုတာမျိုး ဖြစ်မဲ့ ရွေးကောက်ပွဲမျိုးကို နအဖဗိုလ်ချုပ်တွေမလုပ်တာသေချာပါတယ်။ ဒါတင်မက နအဖလုပ်နေပုံဟာ သူတို့ရဲ့၂ဝဝ၈ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ဖို့တင်ခွင့်ရှိတဲ့ အမတ်နေရာ၂ဝ%ကိုပါ လက်ထဲက မလွတ်အောင်လုပ်နေတဲ့ပုံဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်မယ်လို့ ခါးတောင်းကျိုက်ထားသူကြီးတွေ တယောက်ပြီးတယောက်ဘေးထိုင်သွားအောင် လုပ်နေတာကြည့်ရင် ဒါကို အလွယ်နဲ့သဘောပေါက်နိုင်ပါတယ်။ အခုနောက်ဆုံးမှာတော့ ကိုယ့်ပြိုင်ဘက်လို့ယူဆရသူတွေကို လောက်လေးခွနဲ့ တမင်ပစ်တဲ့အဆင့်ကိုတောင်ရောက်နေပါပြီ။ ဖဆပလခေတ်က ပြူစောထီးပြန်လာနေပါပေါ့လား။

အလားတူပဲ အဲဒီရွေးကောက်ပွဲအတွက် ပြင်ဆင်တာဖြစ်တဲ့ အခုစစ်တပ်ထိပ်ပိုင်းကလဖန်ထိုးပွဲလည်း ဗိုလ်သန်းရွှေအနေနဲ့ မီးမသေရင်မလုပ်ပါဘူး။ အကုန်သူ့ခြေသူ့လက် ပြင်ဆင်ပြီးမှလှမ်းတဲ့ခြေလှမ်းဖြစ်မှာပါ။ စစ်အုပ်စု၊ စစ်အာဏာရှင်လောကရဲ့ထုံးစံအတိုင်း နံပတ်တူးမထားတဲ့ နံပတ်ဝမ်းရဲ့စိတ်တိုင်းကျစီမံချက်ဖြစ်ပါတယ်။ အဲတော့ဗမာပြည်နိုင်ငံရေးနဲ့ပတ်သက်သူတိုင်းအနေနဲ့ အဲဒီငကန်းနေရာငစွေနေရာယူတဲ့ကိစ္စမျိုးထဲမှာ မျောပါသွားလို့မဖြစ်ပါဘူး။ ဒီလောက်ရှင်းနေတဲ့ ကိစ္စမှာ နအဖစစ်အစိုးရကို ကြံဖန်အမှတ်ပေးချင်တဲ့ အရင်အမေရိကန်သံအရာရှိဟောင်းဆိုတဲ့ လူမျိုးကသာ "အကောင်းမြင်ဂါဒ" နဲ့ ကြည့်တာ၊ ပြောတာကို ကြားရ၊ ဖတ်ရပါတယ်။ ဦးတင်ဦးလိုပုဂ္ဂိုလ်ပြောတာကို သတိထားနားထောင်ကြည့်ပါ။ စစ်အာဏာရှင်တွေအကြောင်းကို နောကျေနေတယ်လို့ဆိုလောက်တဲ့သူက ဒါမျိုးတွေဟာဘာမှမဆန်းဘူး၊ ဘာမှတွက်မနေကြနဲ့လို့ ပြောသွားတာဟာ မှတ်သားစရာကောင်းလှပါတယ်။

ဒီလိုဆိုတဲ့အတွက် နအဖဗိုလ်ချုပ်တွေအားလုံး ဒီအစီအမံကိုကျေနပ်သဘောကျကြတယ်လို့တော့ အလွယ်ပြောလို့မရပါဘူး။ မုချပဲမကျေနပ်တာ၊ နာလိုခံခက်ဖြစ်တာတွေရှိမှာပါ။ ဒီတကွေ့မှာ နအဖစစ်အုပ်စုတခုလုံးအဖို့ကတော့ မနိုင်လည်းနိုင်၊ နိုင်လည်းနိုင်ဖြစ်မှာပါ။ ဒါပေမဲ့ ဒီထဲကတချို့သော ဗိုလ်ချုပ်တွေတဦးချင်အဖို့တော့ သူ့ဌေးဖြစ်ခွေးဖြစ် ပုံအောရတာမျိုးဖြစ်သွားနိုင်ပါတယ်။ ဒီတော့ကံမှောက်မှားလို့ ရွေးကောက်ပွဲမှာမတော်တဆရှုံးသွားတဲ့ စစ်တပ်ထိပ်ပိုင်းတွေဟာ ဒီအရှုံးကိုလက်သင့်ခံနိုင်ပါ့မလားဆိုတာ မေးစရာဖြစ်လာပါတယ်။ အမှန်ပါပဲ၊ အာဏာရဲ့အရသာကို မြိန်မြိန်ယှက်ယှက်ကြီး မှီဝဲဖူးထားကြသူတွေဖြစ်တဲ့အတိုင်း သူတို့ဟာ အာဏာဆိုရင်တိုးလို့သာရချင်မယ်၊ ရပြီးသားကို လက်မလွှတ်ချင်တာကတော့ အထူးပြောနေစရာမလိုပါဘူး။ သူတို့ဟာ ဦးပုညရေးသလိုပဲ အာဏာကလေး တရွေးလောက်ရှိရင် "အင်မတိအင်မတန်၊ စံချင်တိုင်းစံရတယ်" ဆိုတာကို ကောင်းကောင်းသိနေကြတယ်ဆိုတာကို ဗိုလ်သန်းရွှေအသိဆုံးဖြစ်ပါတယ်။ ဒါကြောင့်ဗိုလ်သန်းရွှေအနေနဲ့ သူ့လူတွေအတွက် ခြေမမြဲလက်မမြဲအောင် စီမံပေးထားလိမ့်မယ်လို့ယုံကြည်ရပါတယ်။

ဒါတွေကြောင့် လက်ရှိအခြေအနေမှာ ဒင်းတို့တွင်းပဋိပက္ခတွေဟာ ပြင်းထန်သဲသန်လာမဲ့၊ ပေါက်ကွဲထွက်လာမဲ့ အနေအထားတော့ မဟုတ်သေးဘူးလို့ယူဆရပါတယ်။ တကယ်လို့ နအဖဗိုလ်ချုပ်တွေအတွင်းမှာ သူတို့ရဲ့ကိုယ်ပိုင်အကျိုးစီးပွားတွေကြောင့် ကွဲကြတယ်ဆိုရင် ပြည်သူလူထုအတွက် အကျိုးရှိဖွယ်ရာသိပ်မမြင်ပါဘူး။ (ဒီလိုအဖြစ်ဟာ တချိန်မှာ မဖြစ်နိုင်ဘူးလို့မပြောနိုင်ပါဘူး) အဲဒီလိုသူတို့ချင်းစစ်တပ်ကြီးတွေနဲ့ တိုက်ကြတယ်ဆိုရင် ဒါဟာစစ်အာဏာရှင်

စနစ်ကိုထိန်းသိမ်းရေးအတွက်ပဲဖြစ်မှာပါ။ ပြည်သူလူထုဟာ မြေဇာပင်အခန်းလောက်ပဲပါရမှာပါ။

ဖိနှိပ်တဲ့အုပ်စိုးသူရဲ့စစ်တပ်ပြိုကွဲတယ်ဆိုတာမှာ အကြောင်းရင်းတွေက အမျိုးမျိုးဖြစ်နိုင်ကြောင်း သမိုင်းအတွေ့အကြုံတွေအရသိရပါတယ်။ အဲဒီအထဲမှာ ပြည်သူလူထုအတွက်အကျိုးအရှိနိုင်ဆုံးဟာ လူထုလှုပ်ရှားမှုရဲ့ဖိအားကြောင့်ကွဲထွက်ခြင်းမျိုးသာဖြစ်ပါတယ်။ ဒါကိုဗိုလ်နေဝင်းကအစ ဗမာပြည်ကစစ်အုပ်စုထိပ်သီးတွေဟာလည်း ကောင်းကောင်းနားလည်ရုံမက အစိုးရိမ်ဆုံးလည်းဖြစ်ပါတယ်။ ရှစ်လေးလုံးတုန်းက ဗိုလ်နေဝင်းကဗိုလ်စောမောင်ကို အာဏာသိမ်းခိုင်းလိုက်တာဟာ သူတို့စစ်တပ်ထဲက တချို့လူထုတိုက်ပွဲထဲကိုပါဝင်လာတာ စပြီးတွေ့ရလာလို့ဖြစ်ပါတယ်။ ဒါကိုတော့သူတို့လုံးဝလက်ပိုက်ကြည့်မနေနိုင်ပါဘူး။ အမြန်ဆုံးဖြေရှင်းပစ်ကြပါတယ်။

အမှန်ကတော့ နအဖရဲ့တပ်မတော်ထဲမှာ အောက်ခြေတပ်မှူးတပ်သား အများစုကြီးဟာသူတို့ရဲ့ထိပ်သီးတွေလုပ်နေတာတွေကို ကျေနပ်ကြတာမဟုတ်ပါဘူး။ ကိုယ်ကအနာခံပြီးသူတို့ကအသာစံနေကြလို့ မကျေနပ်တာမျိုးရှိသလိုနိုင်ငံရေးအရ လေးလေးနက်နက်သဘောပေါက်ပြီး တနေ့မှာသမိုင်းတရားခံဖြစ်မှာကို မလိုလားသူတွေလည်းရှိကြပါတယ်။ ဒါပေမဲ့တကယ်လို့သာ အခုအချိန်မှာတပ်မတော်ထဲက ကွဲထွက်လာတယ်ဆိုရင် သူတို့ဟာဘယ်သူတွေနဲ့ပေါင်းရမှာလဲ။ ရှစ်လေးလုံးတုန်းကတော့ လမ်းမပေါ်ကလူထုတွေထဲဝင်ပေါင်းလို့ရပါရဲ့၊ အခုတော့ ဘာမှမရှိဘူးဖြစ်နေပါတယ်။ အဲဒီလိုလက်တွဲစရာမမြင်ပဲနဲ့တော့ ဗိုလ်သန်းရွှေတို့လက်အောက်ကနေ အံ့နဲ့ကျင်းနဲ့ခွာထွက်လာဖို့ဆိုတာမလွယ်သေးပါဘူး။

ပြန်ချုပ်လိုက်ရင် အတိုက်အခံတွေအဖို့ ဘော့လုံးဟာကိုယ့်ကွင်းဖက်မှာပဲ ရှိနေပါတယ်။ ကိုယ်ကဘာမှမလုပ်ပဲစစ်အစိုးရ၊ စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုပြိုပျက်သွားမှာမဟုတ်ဘူးဆိုတာ မမေ့သင့်ပါဘူး။ ကိုယ့်အိမ်ရှေ့ကအမှိုက်ပုံကြီးဟာ တယောက်ယောက်က မဖယ်ရှားရင်ပျောက်မသွားဘူးဆိုတာလိုပါပဲ။

**ရဲဘော်ဖိုးသံချောင်း**